# ကလေးတို့ အတွက်

## ဘေးအန္တရာယ် ထိခိုက်မှုလျှော့ချရေး

## ဆန်ဒိုင်း မူဘောင်



Funded by
European Union
Humanitarian Aid

PLAN INTERNATIONAL



## ရာသီဥတုပြောင်းလဲမှုအတွင်းက ကလေးငယ်များ တပ်ပေါင်းစု

ရာသီဥတုပြောင်းလဲမှုအတွင်း ကလေးငယ်များ တပ်ပေါင်းစု (CCC) သည် ကလေးဗဟိုပြု ဖွံ့ဖြိုးရေးနှင့် လူသားချင်း စာနာမှု ရှေ့ဆောင် အဖွဲ့အစည်းများ မဟာမိတ်ပြုထားခြင်းဖြစ်ပြီး ထိခိုက်ပျက်စီးမှုနှင့် ဖိအားပေးမှုတို့နှင့် စပ်လျဉ်းသည့် ကလေးငယ်တို့၏ ကြိုတင်ပြင်ဆင်၊ တုံ့ပြန်နိုင်စွမ်းကို အသိအမှတ်ပြုလျက် ပြုပြင်ပြောင်းလဲရေးကိုယ်စားလှယ်များအဖြစ် ဗဟုသုတ မျှဝေရန်၊ ပူးပေါင်းညှိနှိုင်းရန်နှင့်  အတူတကွလုပ်ဆောင်နိုင်ရန် သံန္နိဋ္ဌာန် ချထားသည်။ ရာသီဥတုပြောင်းလဲမှုအတွင်းက ကလေးများ တပ်ပေါင်းစုအား အပ်နှင်းထားသော အခွင့်အာဏာမှာ ကမ္ဘာလုံး ဆိုင်ရာ သဘောတူညီချက်များတွင် ကလေးသူငယ် အခွင့်အရေး အတွက် ကိုယ်စားပြုတိုက်တွန်းအရေးဆိုခြင်းနှင့် မြှင့်တင်ခြင်း တို့ဖြစ်သည်။ တပ်ပေါင်းစု၏ အဖွဲ့ဝင်များမှာ CHILDFUND ALLIANCE ၊ PLAN INTERNATIONAL ၊ SAVE THE CHILDREN ၊

## ကျေးဇူးတင်လွှာ

ဤစာအုပ်ငယ်အား စမ်းသပ်လုပ်ဆောင်ရာတွင် ပါဝင်ခဲ့ကြသော ကလေးငယ်များနှင့် ပို၍ကောင်းမွန်ပြီး အားကောင်းလာစေရန် အကြံပြုချက်နှင့် မှတ်ချက် ပေးခဲ့ကြသူများ၊ လေ့ကျင့်ခန်းဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့သော ChildFund အီသီယိုးပီးယား၊ Plan ဖီလစ်ပိုင်၊ Save the Children မိုဇမ်ဘစ် နှင့် World Vision ဂါနာရုံးများအား ပထမဦးစွာ အထူးကျေးဇူးတင်ရှိပါသည်။ ဤစာအုပ်ငယ်မူကြမ်းအား ထင်မြင် သုံးသပ်ချက် များပေးခဲ့ကြသော ChildFund Alliance မှ Solene Edouard နှင့် Sarah Stevenson ၊ Plan International မှ Jacobe Ocharan နှင့် Alison Wright ၊ Save the Children မှ Nick Hall ၊ Kirsi Peltola နှင့် Wanye Ulrich ၊ UNICEF မှ Jame M Chun နှင့် Antony Spalton ၊ World Vision မှ Cedrick Hoebreck ၊ Maggie Ibrahim နှင့် Tiffany Tao Joiner တို့အား ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့

ကမ္ဘာကြီးအား

ဂရုတစိုက်ရှိတဲ့

ကလေးအားလုံးသို့ ..

သူတို့က

တကယ့်

မဟာ

သူရဲကောင်းတွေပဲ ။



# နှစ်စဉ်

# ၁၇၅ သန်း

ကမ္ဘာတစ်ဝှမ်းက ကလေးငယ်
၁၇၅ သန်း ဘေးအန္တရာယ်ဒဏ်ကို
ခံစားနေရပါတယ်။



၂၀၁၄
ခုနှစ် တစ်နှစ်
အတွင်းမှာပင် ဘေးအန္တရာယ်နဲ့
အရေးပေါ်ဖြစ်ရပ်တွေကြောင့်
ယောကျ်ားလေး မိန်းကလေး

## ၉ သန်း

ကျောင်းမတက်နိုင်ခဲ့ကြပါ။

ကလေးတို့နေထိုင်တဲ့အရပ်မှာ ဘေးဖြစ်နိုင်ခြေနဲ့ အန္တရာယ်တွေကို လူကြီးတွေကို ကလေးတို့ အများကြီး ပြောပြရလိမ့်မယ်။အန္တရာယ်မဖြစ်မီနဲ့ ဖြစ်ပြီးနောက်ပိုင်းမှာ မိသားစု၊ ကျောင်းနဲ့ ရပ်ရွာ ဘေးကင်းလုံခြုံဖို့ အများကြီး ပါဝင်ရလိမ့်အုံးမယ်။

အန္တရာယ်တွေကို နားလည်ပြီး နားထောင်တတ်တဲ့ ကလေးတွေဟာ သူတို့ရဲ့လုံခြုံရေးအတွက် အရေးပါတဲ့ ကဏ္ဍကနေ ဆောင်ရွက်နိုင်ပါလိမ့်မယ်။ ကလေးငယ်တွေက ဖွင့်ဟပြောဆိုလာပြီး သူတို့ရဲ့ လိုအပ်ချက်တွေကို ဦးစားပေးလာတဲ့အခါ ဘေးကျရောက်ပြီးချိန်မှာ ရေရှည်ဖွံ့ဖြိုးရေးနဲ့ လူတိုင်းအတွက် ဘေးကင်းလုံခြုံတဲ့ ရပ်ရွာ တည်ဆောက်ရေး အတွက် သူတို့ပါဝင် ကူညီနိုင်ကြမှာပါ။

ဒီစာအုပ်ငယ်လေးဟာ ဘေးအန္တရာယ်လျှော့ချဖို့ အကြောင်းဖြစ်ပြီး အန္တရာယ်ကနေ ဘေးဖြစ်စေမယ့် အလားအလာတွေကို လျှော့ချဖို့နဲ့ ဘေးအတွက် ကြိုတင်ပြင်ဆင်ရေး အတူတကွလုပ်ဆောင်ကြဖို့ဖြစ်တယ်။ နိုင်ငံတော်အစိုးရ၊ ဒေသအစိုးရ၊ ရပ်ရွာနဲ့ မိသားစု အဆင့်တွေမှာ ဘေးအန္တရာယ်လျှော့ချဖို့ ရှိသင့်ပါတယ်။ ဆိုလိုတာကတော့ ကလေးတွေနဲ့ လူငယ်တွေ၊ အထူးသဖြင့် အမြဲလို ဘေးဖယ်ခံထားရတဲ့ သူတွေ အားလုံး ပါဝင်စေဖို့နဲ့နားထောင်ပေးဖို့ ဖြစ်ပါတယ်။



တစ်ကမ္ဘာလုံးမှာရှိတဲ့ လူသားတွေဟာ ဘေးအန္တရာယ်လျှော့ချရေးရဲ့ အရေးပါပုံကို သတိပြုမိလာကြပါပြီ။ ၂၀၁၅ ခုနှစ်မှာ နိုင်ငံပေါင်းများစွာက အစိုးရတွေဟာ ဘေးကင်းလုံခြုံတဲ့ ကမ္ဘာဖြစ်ဖို့အတွက် ၁၅ နှစ်တာ အစီအမံကို သဘောတူညီခဲ့ကြပါတယ်။ အဲ့ဒီ အစည်းအဝေးကို ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့ပြုလုပ်ခဲ့တဲ့အတွက်

# ဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင်

လို့ ခေါ်ပေါ်ပါတယ်။ ကလေးတို့နဲ့ သူငယ်ချင်းတွေကို ဆန်ဒိုင်းမူဘောင်နဲ့ ဒီအစီအမံတွေ လက်တွေ့ဖြစ်လာဖို့ ကလေးတို့ရဲ့ အရေးပါတဲ့ကဏ္ဍကို နားလည်သဘောပေါက်စေဖို့ ဒီစာအုပ်လေးက ကူညီပေးပါလိမ့်မယ်။

ဆန်ဒိုင်း မူဘောင်

အကြောင်းမပြောခင်

ဘေးဖြစ်နိုင်ခြေ

နဲ့

အန္တရာယ်


ကို နားလည်ဖို့လိုပါတယ်။



ဘယ်သူတွေက ထိခိုက်နိုင်ခြေ အများဆုံးဖြစ်မလဲ။

ဘေးဒဏ်ခံနိုင်စွမ်း ဆိုတာ ဘာကိုဆိုလိုတာလဲ။ ပြီးတော့

ကလေးသူငယ်အခွင့်အရေးတွေနဲ့ ဒါတွေက ဘယ်လိုများ သက်ဆိုင်နေတာလဲ။



# ဘေားအန္တရာယ် တို့ကို

## နားလည်ခြင်း ။

ပတ်ဝန်းကျင်ကို ကြည့်လိုက်တဲ့အခါ
သဘာဝတရားဟာ အမြဲလို လှုပ်ရှားပြောင်းလဲ
နေတာကို တွေ့ရမှာပါ။
ကလေးတို့နေတဲ့အရပ်ပေါ်မူတည်ပြီး မိုးရွာမယ်၊
နေပူမယ်၊ လေတိုက်မယ် ဒါမှမဟုတ်
နှင်းကျတာတွေဟာ နေ့တိုင်းလိုလိုဖြစ်နေပါတယ်။
သစ်ပင်တွေလဲမယ်၊ ပင်လယ်ရေမျက်နှာပြင်
မြင့်တက်လာမယ် ဒါမှမဟုတ် ရေကျမယ်၊
မြေကြီး တုန်ခါမယ်။





# အန္တရာယ် ဆိုတာ ဘာလဲ ?

အန္တရာယ်ဆိုတာ လူတွေ ကြိုတင် သတိမထားမိတဲ့အခါ သဘာဝကြောင့်၊ ဒါမှမဟုတ် လူတွေကြောင့် လူ၊ ဥစ္စာပစ္စည်း၊ ပတ်ဝန်းကျင် ကို ထိခိုက်စေတဲ့ ဖြစ်စဉ် တစ်ခုဖြစ်တယ်။ အန္တရာယ် အမျိုးမျိုးရှိပြီး လေျှင်၊ ဟာရီကိန်း၊ မီးတောင်၊ ရေကြီး၊ မိုးခေါင် မြေပြိုတာ တွေက သဘာဝကြောင့် ဖြစ်တယ်။

တစ်ချို့တွေက လူကြောင့်ဖြစ်တဲ့ အတွက် နည်းပညာ (ဒါမှမဟုတ်) လူ့ပယောဂပါတဲ့ အန္တရာယ်တွေအဖြစ် သိရှိထားပြီး လေထုညစ်ညမ်းမှု၊ ကား (သို့) စက်ရုံ မတော်တဆ ဖြစ်ရပ်တွေပါတယ်။



လေ့ကျင့်ခန်း ၁။

## လူကြောင့်လား သဘာဝ ကြောင့်လား ?

ဦးဆောင်ဆွေးနွေးသူမှတ်စုကို ကြည့်ပါ။





# ကဏ္ဍ ၁၁

## ရုပ်ပုံတွေ နဲ့ အမည်ဖော်ပြချက်တွေနဲ့ တွဲပါ။

လူကြောင့်လား ၊ သဘာဝကြောင့်လား ကလေးတို့ အမြင်ကို ပြောပါ








**ဆူနာမီ**
သမုဒ္ဒရာအောက်မှာ မီးတောင်ပေါက်ခြင်း (သို့) မြေငလျင်လှုပ်တဲ့အတွက် ဖြစ်လာတဲ့ လှိုင်းလုံးကြီးများ ဖြစ်ပြီး တခါတရံ ကမ်းခြေတွေကို ဝင်ရောက် ရိုက်ခတ်တတ်ပါတယ် ။ ရပ်ရွာကို ထိခိုက်မှု အရမ်းကြီးမားပါတယ်။

**ကပ်**
ကူးစက်ရောဂါတွေ လူအများဆီကို လျင်လျင်မြန်မြန် ပျံ့နှံ့တာ ဖြစ်ပါတယ်။

**ဟာရီကိန်း**
(ကလေးတို့ နေတဲ့ နေရာပေါ် မူတည်ပြီး တိုင်ဖွန်း ဒါမှမဟုတ် ဆိုင်ကလုံး လို့လည်း ခေါ်ပါတယ်) အား အကောင်းဆုံး အပူပိုင်း မုန်တိုင်း တစ်ခုဖြစ်တယ်။ အခြေအနေတစ်ရပ်ပေါ် မှာ ဖြစ်လေ့ရှိတယ်။

**မြေငလျင်**
ကမ္ဘာ့မြေကြီးအဖြစ် ဖွဲ့စည်းတည်ရှိနေတဲ့ မြေလွှာ လှုပ်ရှားမှုကြောင့်မြေမျက်နှာပြင် တုန်ခါရွေ့လျားခြင်း ။

**မိုးခေါင်ရေရှားခြင်း**
မကြုံဖူးလောက်အောင် ကာလကြာရှည် မိုးမရွာတဲ့ အတွက် ရေကုန်ခမ်း ပြတ်လပ်မှု ဖြစ်ပေါ်ခြင်း ။ လူတွေကြောင့်လည်းဖြစ်နိုင်တယ်။ မြစ်ညာအရပ်မှာ ဆည်ဆောက်တဲ့အတွက် မြစ်ခြေမှာ ရှိတဲ့ ရွာသား တွေအတွက် ရေပြတ်လပ်ခြင်း ။

**ပလိပ်**
လူ၊ သီးနှံနဲ့ တိရိစ္ဆာန်တွေအပေါ် ထိခိုက်စေတဲ့ ရောဂါ လျင်လျင်မြန်မြန် ပြန့်ပွားခြင်း။

**ရေကြီးခြင်း**
မြစ်ရေမြင့်တက်လာတဲ့အတွက် ကမ်းပါးကိုကျော်လွန်ပြီး အခြားနေရာများထံ ရေလျှံခြင်း။

**နှင်းခဲပြိုခြင်း**
ရုတ်တရက် နှင်းခဲများပြိုကျလာခြင်း။

**နည်းပညာ အန္တရာယ်များ**
နည်းပညာ ဒါမှမဟုတ် စက်မှုပိုင်းဆိုင်ရာ အခြေအနေ များကြောင့် ဖြစ်ပေါ်ခြင်း ။ ဥပမာ စက်ရုံပေါက်ကွဲခြင်း၊ ဓာတုပစ္စည်းယိုစိမ့်ခြင်း၊ နျူကလီးယား ဓာတ်ရောင်ခြည် သင့်ခြင်း။

**မြေ/ရွှံ့မြေပြိုခြင်း**
မြေသား/ရွှံ့မြေ ရုတ်တရက် ပြိုဆင်းလာခြင်း။

**မီးတောင်ပေါက်ကွဲခြင်း**
ကျောက်ရေပူများ ကမ္ဘာ့မြေမျက်နှာပြင်သို့ ရောက်လာသည့်အတွက် ချော်ရည်နှင့် ပြာများ ပေါက်ကွဲထွက်လာခြင်း။

**တောမီးလောင်ခြင်း**
သစ်တောတွင်း ထိန်းချုပ်မရလောက်အောင် လောင်ကျွမ်းသောမီး ။








## တချို့ ဥပမာတွေက သိသာ ရှင်းလင်းမှု သိပ်မရှိကြဘူး။

ရေကြီးတာကို

### သဘာဝလို့ တို့တွေဆိုလေ့ရှိကြပေမဲ့

တခါတရံမှာ လူတွေဟာ မြစ်ညာမှာ အမှိုက်စွန့်ပစ်ကြတယ်၊ ဒါမှမဟုတ် သစ်ပင်တွေ ခုတ်လှဲကြတဲ့အတွက်လည်း ရွာတွေမှာ ရေကြီးနိုင်ပါတယ်။




တောမီးလောင်ခြင်းကို

### သဘာဝလို့ တို့တွေပြောကြပေမဲ့

တယောက်ယောက်က တောထဲမှာ ဆေးလိပ်မီး ကိုပစ်ချခဲ့လို့လည်း ဖြစ်နိုင်ပါတယ်။



# ကလေးတို့ အရပ်မှာ ဘယ်လို အန္တရာယ်တွေ အဖြစ်များလဲ ။



# ကစားကြစို့ ။

## ဒီအက္ခရာတွေထဲက အောက်မှာပေးထားတဲ့

## အန္တရာယ်တွေကို ရှာကြရအောင်။

AVALANCHE
DROUGHT
EARTHQUAKE
EPIDEMIC
EXPLOSION
WILDFIRE
FLOOD
HURRICANE
LANDSLIDE
MUDSLIDE
PLAGUE
TSUNAMI

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| I | L | K | F | G | E | P | I | C | S | F | S | E | T | E |
| Q | K | A | I | Z | C | K | E | T | W | K | H | V | H | N |
| H | W | Q | N | Q | M | P | A | W | B | C | J | Z | G | A |
| E | R | I | F | D | L | I | W | U | N | B | E | P | U | C |
| P | P | X | M | B | S | C | M | A | Q | U | X | D | O | I |
| I | F | L | O | O | D | L | L | A | G | H | C | J | R | R |
| D | N | N | R | N | G | A | I | A | N | R | T | I | D | R |
| E | O | M | K | D | V | L | L | D | C | U | W | R | M | U |
| M | G | C | Q | A | F | P | O | Z | E | O | S | U | A | H |
| I | E | X | P | L | O | S | I | O | N | V | D | T | U | E |
| C | M | Y | I | M | C | G | G | Q | G | S | H | T | H | B |
| U | R | N | O | U | S | T | Z | K | L | C | Y | P | F | E |
| P | J | G | N | L | E | T | G | I | W | J | Y | K | F | E |
| F | V | O | S | H | C | Q | D | A | W | X | B | S | L | K |
| R | H | N | F | N | F | E | R | F | M | A | K | U | R | S |

# ဘေးအန္တရာယ် ဆိုတာ ဘာလဲ။

အန္တရာယ် ကနေ ဘေးဖြစ်လာနိုင်တယ်၊ အမြဲတမ်းတော့ မဟုတ်ပါ။ တစ်ချိန်တည်းမှာ ကိစ္စအမျိုးမျိုးပေါ် ပေါက်မှသာ ဖြစ်မယ် ။ ရွံ့မြေပြိုခြင်း ဥပမာကို ကြည့်ကြရအောင်။

၁ အန္တရာယ်ရှိတဲ့နားမှာ လူတွေ အိမ်ဆောက်ကြတယ်။

ဥပမာ မီးတောင် တောင်ခြေနားမှာ၊ ရွံ့ ဒါမှမဟုတ် ခိုင်ခံ့မှုမရှိတဲ့ တောင်စောင်းမှာ ၊ ကမ်းခြေပေါ်မှာ

၂ အန္တရာယ်ပေါ်လာတယ် ။

ဥပမာ မိုးအကြီးအကျယ်ရွာသွန်းပြီး လျှင်လှုပ်တဲ့အခါ မြေပြိုတတ်တယ်။

၃ **အန္တရာယ်ကနေ ဘေးဖြစ်တဲ့အခါ လူတွေနဲ့ ပိုင်ဆိုင်ပစ္စည်းတွေကို ထိခိုက်ပျက်စီးစေပါတယ်။**



## လေ့ကျင့်ခန်း ၃

သရုပ်ဖော်ပုံကိုကြည့်ပါ။
အန္တရာယ်ကနေ
ဘေးကူးပြောင်းနိုင်ခြေကို
လျှော့ချဖို့ လူတွေဘာလုပ်နိုင်လဲ။
(ဦးဆောင်ဆွေးနွေးသူမှတ်စုကိုကြည့်ပါ။)

# ဒီတော့
# ဘေးအန္တရာယ်
## တကယ့်ကို ဆိုးရွားတဲ့ ဖြစ်ရပ် တစ်ခုပဲ ။

လူတွေ သေကြေ ဒဏ်ရာရပြီး ပိုင်ဆိုင်ပစ္စည်းတွေ ထိခိုက်ပျက်စီးရတယ်။ ဘေးဖြစ်လာတဲ့အခါ ဒေသခံတွေက ကိုယ်တိုင် ဖြေရှင်း ကုစားနိုင်ခြင်း မရှိကြဘူး။ ဘေးကျရောက်တဲ့အခါ နိုင်ငံအစိုးရတွေနဲ့ ဒေသခံအာဏာပိုင်တွေက လူတွေကို ကူညီကြရမယ်။ မကြာခဏဆိုသလို တခြားအရပ်က ဒါမှမဟုတ် တခြားနိုင်ငံက အိမ်နီးချင်းနဲ့ သူငယ်ချင်းတွေဆီက အကူအညီ လိုအပ်ကြတယ်။ ဒီလိုဖြစ်တဲ့အခါ ရပ်ရွာလူထုရဲ့ တတ်နိုင်စွမ်းထက်ကျော် လွန်သွားပြီလို့ ပြောလေ့ရှိတယ်။ တတ်နိုင်စွမ်းဆိုတာ လူတွေရဲ့ ခွန်အား၊ အရင်းအမြစ်နဲ့

## ဘေးသက်ရောက်မှု

ကနေ ကိုယ်တိုင်နဲ့ ပိုင်ဆိုင်ပစ္စည်းတွေကိုကာကွယ်နိုင်ဖို့ ရပ်ရွာတွင်းကလူတွေရဲ့ အကြံအစည်တွေ ဖြစ်တယ်။







### လေ့ကျင့်ခန်း ၄

ကလေးတို့အရပ်မှာရှိတဲ့ ပေါ်ပေါက် လေ့ရှိတဲ့ အန္တရာယ်ကို ဥပမာ အဖြစ်ကြည့်ရအောင်။
အန္တရာယ်ကနေ ဘေးကူးပြောင်း နိုင်ခြေကို လျှော့ချဖို့ လူတွေ ဘာလုပ်နိုင်လဲ။

(ဦးဆောင်ဆွေးနွေးသူမှတ်စုကို ကြည့်ပါ)

# ထိခိုက်လွယ်မှု ဆိုတာ ဘာ လဲ။

အချို့အကြောင်းအရင်းတွေက လူ၊ ရပ်ရွာ၊ မြို့၊ နိုင်ငံတွေကို အန္တရာယ်တစ်ခုရဲ့ ဆိုးကျိုးသက်ရောက်မှုတွေ ပိုပြီးခံရအောင် ဖန်တီး ကြတယ်။ ဒါကို ထိခိုက်လွယ်မှု လို့ခေါ်တယ်။ တစ်ခု ဒါမှမဟုတ် တစ်ခုထက် ပိုတဲ့ အကြောင်းရင်း တွေကြောင့် လူတွေကို ထိခိုက်လွယ်မှု ဖြစ်စေတယ်။ ဥပမာ၊ အသက်ကြီးခြင်း၊ ဖျားနာမှု၊ ကိုယ်ဝန်ဆောင် ဒါမှမဟုတ် မသန်စွမ်းခြင်း ဒါတွေကြောင့် ကလေးတို့ ရပ်ရွာမှာ ရှိတဲ့ တချို့လူတွေကို ထိခိုက်လွယ် စေတယ်။ ကလေးတို့ရဲ့ အဖွားထက် ကလေးတို့ တောမီးကနေ ပိုမြန်မြန် ထွက်ပြေး လွတ်မြောက်နိုင်တယ်။ သတိပေးစာတွေကို မဖတ်နိုင်ရင် ဒါမှမဟုတ် ရေဒီယိုအသံလွှင့် မှာကြားချက်တွေကို နားမလည်တဲ့အခါ ပိုထိခိုက်လွယ်မှု ရှိစေတယ်။ မြစ်ကမ်းနံဘေးက ခိုင်ခံ့အောင် တည်ဆောက် ထားခြင်းမရှိတဲ့ အဆောက်အအုံမှာ နေထိုင်ခြင်း ၊ အရပ်ဒေသကို ကျွမ်းကျင်မှုမရှိ ဒါမှမဟုတ် ဒေသခံဘာသာစကားကို မပြောတတ်တဲ့ နေရာဒေသသစ်မှာ နေထိုင်တဲ့အခါ ထိခိုက်လွယ်မှု ဖြစ်စေတယ်။ ယေဘုယျ အားဖြင့် အဆင်းရဲဆုံး လူတွေက ထိခိုက်လွယ်မှု အများဆုံး ဖြစ်တယ်။ ဥပမာအနေနဲ့ သူတို့အလုပ်နဲ့ နီးနီးနားနား ဖြစ်ဖို့လိုတဲ့အတွက် နေထိုင်ရာအရပ်ကို ရွေးချယ်ခွင့် မရှိတာ ဒါမှမဟုတ် အိမ်ဆောက်ဖို့ခိုင်ခံ့တဲ့ ပစ္စည်း မတတ်နိုင်တာ၊ အန္တရာယ်ကနေ ဘေးမဖြစ်အောင် ကာကွယ်ဖို့ ဒါမှမဟုတ် ဘေးကျတဲ့အခါ တုံ့ပြန်ဖို့ သင်ကြားပေးမှု မရှိတာတွေ ကြောင့်ဖြစ်တယ်။ ထိခိုက် လွယ်မှုရှိတဲ့ လူတွေကို ဘေးမတွေ့စေဖို့ ရဲ၊ မီးသတ်နဲ့ အစိုးရတွေက အရေးကြီးတဲ့ ကဏ္ဍက ပါဝင်ကြတယ်။ ဘေးတွေ့မှု ဆိုတာက အန္တရာယ် ဇုန်တွင်းက အန္တရာယ် ဖြစ်နိုင်ခြေရှိတဲ့ လူတွေနဲ့ သူတို့ရဲ့ ပိုင်ဆိုင် ပစ္စည်းတွေကို ဆိုလိုတယ်။ ရာသီဥတု ပြောင်းလဲမှုနဲ့ အရပ်ဒေသတခုမှာ လူအများအပြား လာရောက်နေထိုင်ခြင်းက ဘေးတွေ့နိုင်ခြေကို မြင့်မားစေတယ်။



# ကလေးတို့မြင်တဲ့အတိုင်း

တချို့ ထိခိုက်လွယ်မှုတွေကို တားဆီးလို့ရပေမယ့် တချို့ကိုတော့ တားဆီးမရပါ။ ကလေးတို့ရပ်ရွာထဲမှာ ထိခိုက်လွယ်မှုရှိနေတဲ့ လူတွေက ဘယ်သူတွေလဲဆိုတာ ကလေးတို့သိမှ သူတို့ကိုကူညီနိုင်မှာဖြစ်တယ်။ အတူတွေ့ဆုံကြ၊ အလုပ်အတူတူ လုပ်ကြပြီး ကြုံတွေ့ရတဲ့ အန္တရာယ်တွေအကြောင်းကို ဆွေးနွေးလေ့ရှိတဲ့ ရပ်ရွာက ထိခိုက်လွယ်မှုနည်းပါတယ်။ ဖြစ်လာနိုင်တဲ့ အန္တရာယ် အကြောင်းကိုလည်း မဆွေးနွေး၊ အချင်းချင်းလည်း တွေ့ဆုံလေ့မရှိတဲ့ ရပ်ရွာကြတော့ ထိခိုက်လွယ်မှု ပိုများပါတယ်။



## လေ့ကျင့်ခန်း ၅


ကလေးတို့ရဲ့
ရပ်ရွာလူထုအကြောင်း စဉ်းစားရအောင်။
ဘယ်သူတွေက ထိခိုက်လွယ်မှုရှိလဲ။
ရေကြီးမယ်ဆိုတဲ့ စာတိုကို ဖုန်းမှ ရမယ်ဆိုပါတော့
ထိခိုက်လွယ်မှုအဖြစ်နိုင်ဆုံးသူတွေကို ကာကွယ်ဖို့
ကလေးတို့ဘာတွေလုပ်နိုင်မလဲ။
(ဦးဆောင်ဆွေးနွေးသူမှတ်စုကိုကြည့်ပါ။)

# ဘေးဖြစ်နိုင်ခြေ ဆိုတာ ဘာ လဲ။

**ဘေးဖြစ်နိုင်ခြေ** ဆိုတာ **အန္တရာယ်** ကနေဘေးဖြစ်သွားနိုင်တဲ့ အလားအလာကို ဆိုလိုတာဖြစ်တယ်။

အန္တရာယ်တွေကို အမြဲတားဆီးလို့မရပေမဲ့ ဘေးဖြစ်နိုင်တဲ့ အလားအလာကို လျှော့ချနိုင်ပါတယ်။

ဘေးအန္တရာယ်လျှော့ချရေးဆိုတာဒါပါပဲ။ ဥပမာဆိုရင် ဟာရီကိန်းတိုက်တဲ့အခါ အိမ်မပြိုအောင် တနည်းတဖုံ ဆောက်လုပ်တာ ဒါမှမဟုတ် ဆောက်လုပ်ရေး ပစ္စည်းတမျိုးမျိုးကို သုံးပြီး ဆောက်လုပ်တာ၊ မြေပြိုတာနည်းအောင် သစ်ပင်ခုတ် ရပ်လိုက်တာတွေ ဖြစ်ပါတယ်။




ဘေးအန္တရာယ်လျှော့ချရေးဟာ ရပ်ရွာလူထုနဲ့ နိုင်ငံကို ရေရှည်မှာ အကူအညီပေးနိုင်ပြီးတော့ အဲဒါကို စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေး လို့ခေါ်တယ်။ ဥပမာဆိုရင် မြစ်ထဲ အမှိုက်မပစ်တဲ့အတွက် ရေမကြီးနိုင်ဘူး၊ သန့်ရှင်းတဲ့မြစ်ရေကို လူတွေ သောက်သုံး ချက်ပြုတ် ဆေးကြောနိုင်တဲ့အပြင် ငါးများများရတဲ့အတွက် စားလည်းစား ဈေးမှာလည်းရောင်းချ နိုင်တဲ့အတွက် ရေရှည်မှာပိုကောင်းပါတယ်။

# ကစားကြစို့ ။

စာလုံးတွေကို မှန်ကန်တဲ့အစီအစဉ် ဖြစ်အောင်စီပါ။

သဲလွန်စ

မြေဆီလွှာတိုက်စားမှု၊ ရွှံ့မြေပြိုခြင်း နဲ့ ရေကြီးခြင်းတွေနဲ့ ရပ်ရွာလူထု ကြုံတွေ့နိုင်မဲ့အလားအလာကို ဘယ်အရာက ပိုများစေလဲ။



အခု

**အန္တရာယ်**

**ဘေးအန္တရာယ်**

**ထိခိုက်လွယ်မှု**

နှင့် **ဘေးဖြစ်နိုင်ခြေ**

တွေကို ကလေးတို့ သိပြီဆိုတော့

# ဘေးအန္တရာယ် လျှော့ချရေး

## အတွက်

## ဆန်ဒိုင်းမူဘောင်

အကြောင်း ပြောရအောင် ။

# ဘာ အတွက်လဲ

သဘာဂနဲ့ လူကြောင့်ဖြစ်တဲ့ အန္တရာယ်အားလုံးအတွက် ဆန်ဒိုင်းမူဘောင်က အကျိုးဂင်တယ်။ တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံတော်နဲ့ဒေသခံအစိုးရ၊ ရပ်ရွာလူထုနဲ့ မိသားစု စတဲ့ လူတိုင်း လူတိုင်းအတွက် အကျိုးဂင်တယ်။ လူတွေကို ကာကွယ်ဖို့ အစိုးရနဲ့ အကြီးအကဲတွေမှာ အရေးကြီးတဲ့ တာဂန်တွေရှိသလို တခြား လူတွေမှာလည်း ရှိတယ်။ အချင်းချင်းကူညီစောင့်ရှောက်တတ်၊ နားထောင်တတ်ပြီး ရင်းနှီးတဲ့ ရပ်ရွာလူထုတွေဟာ ဘေးကျရောက်တဲ့အခါ ထိခိုက်လွယ်မှုနည်းပြီး ပြန်လည် ရပ်တည်နိုင်စွမ်းမြင့်မားတတ်ကြတယ်။



# အသစ်အဆန်း

## တွေ့က ဘာလဲ။

ဆန်ဒိုင်းမူဘောင်မတိုင်ခင်က ယူဂိုမူဘောင်ဆိုတဲ့ ဘေးကြောင့်ဆုံးရှုံးမှုကို လျှော့ချဖို့ အပြည်ပြည် ဆိုင်ရာအစီအမံ တခုရှိတယ်။ ၂၀၀၄ ခုနှစ် အိန္ဒိယ သမုဒ္ဒရာ ဆူနာမီဖြစ်ပြီးတဲ့နောက် အစိုးရတွေ၊ အပြည်ပြည်ဆိုင်ရာ အေဂျင်စီတွေ၊ ဘေးအန္တရာယ် ဆိုင်ရာကျွမ်းကျင်သူတွေနဲ့ အခြားသူတွေက ၂၀၀၅ ခုနှစ်မှာ ရေးဆွဲသဘောတူခဲ့တာဖြစ်တယ်။ ဒီအကြံအစည်တွေပေါ် အခြေပြုပြီး ဆန်ဒိုင်း မူဘောင်ကို ရေးဆွဲခဲ့တာဖြစ်ပြီး အခြားအရေးကြီး တာတွေကို မိတ်ဆက်ပေး ထားတာဖြစ်တယ်။

### ပထမ

ဘေးအန္တရာယ်စီမံခန့်ခွဲရေးနဲ့မတူဘဲ ဘေးအန္တရာယ် ဖြစ်နိုင်ခြေ စီမံခန့်ခွဲမှုရဲ့ အရေးပါပုံကို အသားပေးထားတာ ဖြစ်တယ်။ အန္တရာယ်ကနေဘေးဖြစ်လာစရာ မလိုဘဲ ဘေးဖြစ်နိုင်ခြေ ကသာ အလားအလာဖြစ်တယ်။ ဒါကြောင့် ဘေးဖြစ်နိုင်ခြေနဲ့ သတိပြုပြီး ဒါတွေကို ဘယ်လိုလျှော့ချရမလဲ ဆိုတာကသာ အန္တရာယ်ကနေ ဘေးမဖြစ်လာဖို့အတွက် အစကတည်း တားဆီးရမယ့် နည်းလမ်းကောင်းတစ်ခုဖြစ်တယ်။

### ဒုတိယ

ဆန်ဒိုင်းမူဘောင်က ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက် (၇) ရပ် ချမှတ်ထားပြီး ၄င်းရည်မှန်းချက် အောင်မြင်ရန် ဘယ်လို စစ်ဆေးရမလဲဆိုတာပြောထားပါတယ်။

### တတိယ

ဆန်ဒိုင်းမူဘောင်က အန္တရာယ်အမျိုးမျိုးအကြောင်း ပိုကျယ်ကျယ် ပြန့်ပြန့် ပြောထားတယ်။ တို့တွေသိကြတဲ့အတိုင်း အန္တရာယ်ဆိုတာ သဘာဝ ဒါမှမဟုတ် လူကြောင့် ဖြစ်နိုင်တဲ့အတွက် ဖြစ်နိုင်ခြေရှိတဲ့ အန္တရာယ် အမျိုးမျိုးအကြောင်း တို့တွေ စဉ်းစားဖို့လိုအပ်တယ်။ ထို့အပြင် ဆန်ဒိုင်း မူဘောင်က ဘေးဒဏ် ခံနိုင်စွမ်း ၏အရေးကြီး သောအစိတ်အပိုင်း ဖြစ်သည့်ပညာရေးနှင့် ကျန်းမာရေးအကြောင်းကိုလည်း ပြောထားပါတယ်။ ကလေးတို့ရပ်ရွာတွင်းက လူတွေကျန်းမာပြီး အန္တရာယ်မကျရောက်မီ အသိပေးဖို့၊ ကျန်းမာအောင် နေတတ်ဖို့နဲ့ သတင်းအချက်အလက်ရရှိမဲ့နေရာတွေကိုသူတို့သိရှိကြောင်းသေချာမှ သာထိခိုက်လွယ်မှုကိုလျှော့နည်းစေမှာ ဖြစ်တယ်။

### စတုတ္ထ

အစီအမံတွေ လက်တွေ့ဖြစ်လာဖို့ လူတိုင်းလုပ်ဆောင်ရမဲ့ ကဏ္ဍတွေကို ဆန်ဒိုင်းမူဘောင်က အထူးဖော်ပြထားတယ်။ ဘာလုပ်ရမယ်ဆိုတာသိတဲ့ အစိုးရနဲ့ ဒေသခံခေါင်းဆောင်တွေအကြောင်းသာ မဟုတ်ပါဘူး။ ဘေးအန္တရာယ်လျှော့ချရေးဆိုတာ လူတိုင်းရဲ့ကိစ္စဖြစ်တယ်။

# ကလေးတို့ရဲ့ အခန်းကဏ္ဍ ဘာလဲ။



တကမ္ဘာလုံးမှာ ၁၈ နှစ်အောက် ဦးရေ သန်း ၂.၂ ထောင်ခန့်ရှိတယ်။ ကလေးတို့ရဲ့ အသံကို အရွယ်ရောက်ပြီးသူတွေက နားထောင်ရမယ်။ အတွေ့အကြုံအရ ကလေးတွေဟာ သူတို့ရဲ့ ရပ်ရွာတွင်းက ဘေးဖြစ်နိုင်ခြေနဲ့ ပတ်သက်ပြီး တမူထူးတဲ့ ဗဟုသုတနဲ့ ဖြေရှင်းတတ်ကြတယ်။ ဘယ်သူပဲဖြစ်နေနေ ဘယ်နေရာမှာပဲနေနေ ကလေးတိုရဲ့ဘဝပေါ် သက်ရောက်တဲ့ ဆုံးဖြတ်ချက်ချရာမှာ ပါဝင်နိုင်ဖို့ ကလေးတို့မှာ တဘက်သားကြားအောင်ပြောပိုင်ခွင့်ရှိတယ်။ ဘေးအန္တရာယ်လျှော့ချရေးရဲ့ ဗဟိုချက်မှာ ကလေးတွေကို တစ်ဦးချင်းဖြစ်စေ အဖွဲ့လိုက်ဖြစ်စေ ထည့်သွင်းတဲ့အခါ ဆောင်ရွက်မှုဟာ ကလေးတွေကိုယ်တိုင် ဒါမှမဟုတ် ကလေးတွေအတွက် ဖြစ်လာတယ်။

ကလေးဗဟိုပြု ဘေးအန္တရာယ်လျှော့ချရေးကြောင့် ရှင်သန်ပိုင်ခွင့်၊ သင်ကြားပိုင်ခွင့်နဲ့ ကျန်းမာရေးအခွင့်အရေးအပါအဝင် အရေးကြီးတဲ့ အခွင့်အရေးတွေ ပြည့်ဝစေပါတယ်။

ကလေးတို့အနေနဲ့ ပိုပြီးကာကွယ်မှုရရှိဖို့၊ ကလေးတို့ရဲ့ စွမ်းအင်၊ ဗဟုသုတနဲ့အတွေးတွေနဲ့ တခြားသူတွေကို ကူညီကာကွယ်ပေးဖို့ အစိုးရတွေ အဖွဲ့အစည်းတွေ တခြား လူကြီးတွေက မင်းတို့ရဲ့ အမြင်ကို နားထောင်ပေးဖို့လိုတယ်။


# ဆန်ဒိုင်းမူဘောင်က

## ဘာတွေဆောင်ရွက်ပေးဖို့

## မျှော်လင့်ထားလဲ။

ကလေးတို့လို လူတွေက အစီစဉ်တွေကို အကောင်အထည်ဖော်တဲ့အခါ ဘေးအန္တရာယ် ကျရောက်မှုလည်း နည်းလာမှာပါ။ အန္တရာယ်ကနေ ဘေးဖြစ်လာတဲ့အခါ ပြင်းထန်မှုနည်းပါးပြီး လူတွေကလည်း မြန်မြန် ပြန်ပြီး ထူထောင်နိုင်မယ်။ အနာဂါတ်မှာ ဖြစ်လာမယ့် ဘေးအန္တရာယ်တွေမှာ အသက်နဲ့ အလုပ်အကိုင်တွေ ဆုံးရှုံးမှုနည်းလာပြီး စိုက်ခင်း၊ အိမ်၊ ကျန်းမာရေးနဲ့ ပတ်ဝန်းကျင်ကိုလည်း ထိခိုက်ပျက်စီးမှုနည်းလာတယ်။ ဒါကတော့ ဘေးအန္တရာယ်ဟာ လူတိုင်းအတွက် ပြင်းထန်မှု သိပ်မရှိဘဲ ကုန်ကျစရိတ် သက်သာတဲ့ ရေရှည်သက်ရောက်မှုတွေသာ ရှိတော့မှာ ဖြစ်တယ်လို့ ဆိုလိုတာဖြစ်ပါတယ်။

# အလုံးစုံ **ပန်းတိုင်** ကဘာလဲ ။



အလုံးစုံပန်းတိုင်ကတော့ ဘေးဖြစ်နိုင်ခြေအသစ်ကိုကာကွယ်ဖို့နဲ့ ရှိပြီးသားဘေးဖြစ်နိုင်ခြေတွေကို လျှော့ချဖို့ဖြစ်တယ်။ (ဘေးဖြစ်နိုင်ခြေ ဆိုတာ အန္တရာယ်ကနေ ဘေးအဖြစ် ကူးပြောင်းသွားနိုင်ခြေဆိုတာ သတိရသေးရဲ့လား။) အန္တရာယ်နဲ့ ကြုံတွေ့မှုလျှော့နည်းဖို့ ၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်လွယ်မှု လျှော့နည်းဖို့ ၊ အန္တရာယ် ပေါ်ပေါက်တဲ့အခါ အသင့်ပြင်ပြီးဖြစ်ဖို့ အတွက် လူမှုဘဝ အရပ်ရပ်မှာ ပြောင်းလဲဖို့လိုအပ်တာတွေကို ကြည့်ရှုပြီးတော့ ဒီအစီအစဉ်က လုပ်ဆောင်သွားမှာဖြစ်တယ်။ ကြောက်လန့်စရာ တစ်ခုခုဖြစ်ပြီးတာနဲ့ နဂိုအခြေပြန်ရောက်ဖို့ သန်စွမ်း အားကောင်း လာပြီး ပြုလွယ်ပြင်လွယ်ဖြစ်လာခြင်း - ပြန်လည်ရပ်တည်နိုင်စွမ်း ပိုရှိလာမယ်လို့ ဆိုလိုတာဖြစ်တယ်။ ကွေးညွှတ်လွယ်တဲ့ အုန်းပင်များလိုပေါ့ လေပြင်းတိုက်တဲ့အခါ တိမ်းရှောင်ပြီး လေငြိမ်တဲ့အခါ နဂိုအနေအထားပြန်ရောက်လာတယ်။


# ရှင်းလင်းတဲ့ ရည်မှန်းချက် ၇ ရပ်

ရည်မှန်းချက်ဆိုတာ တို့အားလုံး အတူတကွ ရယူကြဖို့ဖြစ်တယ်။ အစီအစဉ် တွေ အလုပ်ဖြစ်ရဲ့လားဆိုတာ စစ်ဆေး နိုင်ဖို့ တို့ကို အကူအညီပေးတယ်။



## ရည်ရွယ်ချက် ၁

ဘေးအန္တရာယ်ကျရောက်တဲ့
အခါ လူသေဆုံးမှု
နည်းနိုင်သမျှနည်းစေဖို့။
၂၀၀၅-၂၀၁၅ နဲ့ယှဉ်လျှင်
၂၀၂၀-၂၀၃၀ အတွင်း
လူဦးရေ ၁ သိန်းတိုင်းမှာ
သေဆုံးမှု
ဘယ်လောက်ရှိလဲဆိုတာ
မှတ်သားခြင်းဖြင့် အစီအစဉ်
အောင်မြင်မှုရှိ/မရှိ
စစ်ဆေးမှာဖြစ်တယ်။



## ရည်ရွယ်ချက် ၂

တစ်ကမ္ဘာလုံးမှာ
ဘေးအန္တရာယ်ကြောင့်
ထိခိုက်မှုနည်းနိုင်သမျှအ
နည်းဆုံးဖြစ်ဖို့
အစီအစဉ်က မျှော်မှန်း
ထားတယ်။ ထပ်ပြောရရင်
၂၀၀၅-၂၀၁၅ နဲ့ယှဉ်လျှင်
၂၀၂၀-၂၀၃၀ အတွင်း
လူဘယ်နှစ်ယောက်ထိခိုက်
မှုရှိလဲဆိုတာ ရေတွက်
ခြင်းဖြင့် အလုပ်ဖြစ်မဖြစ်
စစ်ဆေးမှာဖြစ်တယ်။

# ရည်ရွယ်ချက် ၃

ဘေးအန္တရာယ်ကိုတုံ့ပြန်ဖို့ အတွက် ၊ ဖြစ်ပြီးနောက် ပြန်လည်ပြုပြင်ဖို့ အသုံးပြု ရတဲ့ ငွေကြေး၊ ဘေးကျရောက်တဲ့အတွက် အလုပ်ပျက်၊ ဆိုင်ပြိုလဲတာတွေကြောင့် ဆုံးရှုံးရတဲ့ ငွေကြေးတွေကို လျှော့ချဖို့ ဖြစ်တယ်။






# ရည်ရွယ်ချက် ၄

စာသင်ကျောင်း၊ ဆေးရုံ၊ မီးရထားလိုင်း နဲ့ ပင်မကား လမ်း တွေ စတဲ့

မရှိမဖြစ်အရေးပါတဲ့ ဂန်ဆောင်မှုတွေပေါ် ထိခိုက်မှု နည်းစေဖို့သေချာပါစေ။ ဒါတွေကို ဘေးဒဏ် ခံနိုင်စွမ်း တိုးမြှင့်ပြီး ဆောင်ရွက်မှာပါ။ ဥပမာ ၂၀၃၀ မှာ စာသင်ကျောင်းတွေကို ခိုင်မာတဲ့ ပစ္စည်းသုံးပြီး

မြေမာပေါ်ဆောက်လုပ်မှာ ဖြစ်ပါတယ်။



# ရည်ရွယ်ချက် ၇

၂၀၃၀ ပြည့်နှစ်မှာ နိုင်ငံအတော်များများအနေနဲ့ နိုင်ငံအဆင့်နဲ့ ဒေသအဆင့်ဘေးအန္တရာယ်လျှော့ချရေး နည်းဗျူဟာရေးဆွဲပြီးဖြစ်စေဖို့ ဖြစ်တယ်။



# ရည်ရွယ်ချက် ၈

အန္တရာယ်ကနေ ဘေးဖြစ်နိုင်ခြေ ကူးပြောင်းသွားခြင်းမှ ကာကွယ်ဖို့ နိုင်ငံများ ပူးပေါင်းလုပ်ဆောင်ကြဖို့ ဖြစ်တယ်။ ဥပမာအနေနဲ့ ဂျပန်နိုင်ငံကလူတွေမှာ ငလျင်လှုပ်ခတ်တဲ့အခါ အဆောက်အအုံတွေ ဘေးကင်းဖို့ အတွေ့အကြုံတွေရှိခဲ့ရင် ဖိလစ်ပိုင်က လူတွေကို ဒီအတွေ့အကြုံတွေ မျှဝေခြင်းအားဖြင့် သူတို့တွေလည်း အလားတူ လိုက်လုပ်နိုင်ကြမှာ ဖြစ်တယ်။ သီးနှံစိုက်ခင်းတွေကြား မြောင်းတူးထားခြင်းဖြင့် မိုးရွာသွန်းတဲ့အခါ မိုးရေတွေ စီးဆင်းသွားပြီး ရွှံ့မြေပြိုတာ မျိုးမဖြစ်စေဖို့ ဆန်လူစီယာက လူတွေဆီမှာ အကြံအစည် ရှိတယ် ဆိုရင် ဂွါတီမာလာကိုလည်း ဝေမျှဖို့ဖြစ်တယ်။

# ရည်ရွယ်ချက် ၇

ကြိုတင်သတိပေးစနစ်ကို လက်လှမ်းမီနားလည်တဲ့ လူဦးရေအရေအတွက်ကို မြှင့်တင်ဖို့ဖြစ်တယ်။ လူတွေအနေနဲ့ ပူးပေါင်း ဂေမျှဖို့ လိုအပ်မှာ ဖြစ်တယ်။ ဥပမာအနေနဲ့ ကျွန်း ၁ ခုပေါ်က လူတွေက တိုင်ဖွန်းလာမှာ ကြိုသိတဲ့အခါ တီဗီ၊ ရေဒီယိုနဲ့ လူမှုမီဒီယာတွေက ဂေမျှပေးရမှာဖြစ်တယ်။



# ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း ၄ ခု

## ၁ ဘေးအန္တရာယ် ဖြစ်နိုင်ခြေကို နားလည်သဘောပေါက်ခြင်း

ဘေးအန္တရာယ်၊ အန္တရာယ်အလားအလာ၊ ဘေးဖြစ်နိုင်ခြေနှင့် ထိခိုက်လွယ်မှုကို လူအများ နားလည်သဘောပေါက်မှု သေချာစေဖို့ ဆန်ဒိုင်း မူဘောင်က မျှော်မှန်းထားတယ်။ ဒီကတဆင့် လူတိုင်း အန္တရာယ်ကို ရှာဖွေမြင်တွေ့နိုင်ဖို့၊ အန္တရာယ်အတွက် ကြိုတင်ပြင်ဆင်နိုင်ဖို့၊ ဘေးကျရောက်ခြင်းမှကာကွယ်နိုင်ဖို့၊ ကိုယ်တိုင်နဲ့ အခြားသူ ပိုင်ဆိုင်ပစ္စည်းတွေကို လုံခြုံအောင် ဆောင်ရွက်နိုင်မှာဖြစ်တယ်။



# ၂ ဘေးအန္တရာယ်ကို စီမံထိန်းချုပ်နိုင်ဖို့ ဘေးအန္တရာယ်ဆိုင်ရာ အုပ်ချုပ်ရေး အားကောင်းစေခြင်း။

ဘေးအန္တရာယ်နဲ့ ပတ်သက်လာတဲ့အခါ ဒေသခံခေါင်းဆောင်တွေ အစိုးရတွေ အကြီးအကဲတွေနဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေက စုစုစည်းစည်း ရှိကြဖို့ ဆန်ဒိုင်းမူဘောင်က မျှော်မှန်း ထားတယ်။ ဘေးကျရောက်ခြင်းမှ ကာကွယ်ဖို့နဲ့ ဘေးကျရောက်တဲ့အခါ တုံ့ပြန်ဖို့ ရှင်းလင်းတဲ့ အစီအမံ အခြေကျပြီးတဲ့ လုပ်နည်းလုပ်ဟန်များ ရှိနေရမှာဖြစ်တယ်။






# ၇ ပြန်လည်ထူထောင်နိုင်စွမ်းအတွက် ဘေးအန္တရာယ်လျှော့ချရေးကို လုပ်ဆောင်ခြင်း

အများပြည်သူ (ဥပမာ အစိုးရ) နဲ့ တသီးပုဂ္ဂလ (ဥပမာ မိသားစုများ စီးပွားရေးလုပ်ငန်းများ) အနေနဲ့ ဘေးအန္တရာယ်လျှော့ချရေးအတွက် ပိုက်ဆံ လုံလုံ လောက်လောက်သုံးစွဲဖို့ ဆန်ဒိုင်းမူဘောင်က မျှော်မှန်း ထားတယ်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် အထောက် အပံ့ဖြစ်လို့ ရေရှည်မှာ ပိုက်ဆံသုံးစွဲဖို့အတွက် ကောင်းမွန်တဲ့ နည်းလမ်းတရပ်ဖြစ်တယ်။ ဥပမာအားဖြင့် ကောင်းမွန်ပြီးခိုင်ခံ့တဲ့ ပစ္စည်းသုံးပြီး ကျောင်းဆောက် လုပ်ဖို့ ပိုက်ဆံ ပိုကုန်မှာဖြစ်ပေမဲ့ ငလျင်လှုပ်တဲ့အခါ ခိုင်မာတဲ့ ကျောင်းက မထိခိုက်တဲ့အခါ ကလေးတို့ စာသင်ပျက် စရာမလို ၊ ကျောင်း ပြန်ဆောက်စရာ မလိုတဲ့ အတွက် ရေရှည်မှာ နိုင်ငံတခုလုံး ပိုအဆင်ပြေ မှာ ဖြစ်တယ်။



# ၄ ထိရောက်တဲ့ တုံ့ပြန်မှုအတွက် ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး ၊ ပြန်လည်ရပ်တည်ရေး ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်တည်ဆောက်ရေးမှာ "ပိုလုံခြုံအောင် ပြန်တည်ဆောက်ဖို့"

တုံ့ပြန်ဆောင်ရွက်မှုတွေဟာ ထိရောက်ဖို့နဲ့ စုစုစည်းစည်းဖြစ်ဖို့ရာ လူတိုင်း ဘေးကျရောက်တဲ့အခါ အသင့်ဖြစ်နေဖို့ ဆန်ဒိုင်းမူဘောင်က မျှော်မှန်းထားတယ်။ ဘေးကြောင့် ကျိုးပျက်ခဲ့တာတွေကို မိသားစုတွေ ရပ်ရွာအသိုင်းအဝန်းတွေ နိုင်ငံတွေက ပြန်လည်ပြုပြင်တဲ့အခါ နောင်အတွက် "ပိုလုံခြုံအောင် ပြန်တည်ဆောက်ဖို့" ဆန်ဒိုင်းမူဘောင်က ကူညီပေးဖို့ မျှော်မှန်းထားတယ်။



လေ့ကျင့်ခန်း ၆

၁။ အန္တရာယ်တွေကို ရှာဖွေတွေ့နိုင်ဖို့
ဘေးဖြစ်နိုင်ခြေမြေပုံဆွဲပါ။

၂။ ရပ်ရွာတွင်းက တခြားသူတွေ
ဘေးဖြစ်နိုင်ခြေကို နားလည်သဘောပေါက်ဖို့နဲ့
လုံခြုံစေဖို့ ကူညီပါ။

၃။ သဘာဂကို ကာကွယ်ပါ။

(ဦးဆောင်ဆွေးနွေးသူမှတ်စုကို ကြည့်ပါ)

# ကလေးတို့ လက်အစ် လိုက်ပြီ။



## နိဂုံးမှတ်စု

(၁) ဂက်ဘ်စတာ ၊ မက်ကင်နွန် နဲ့ အများ (၂၀၀၈) ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လူသားချင်းစာနာမှု စရိတ်စကများ (မက်ဒ်ဖော့ဒ် ၊ မဟာဘွဲ့၊ Feinstein နိုင်ငံတကာစင်တာ)

(၂) Save the Children (၂၀၁၄) ၏ ဘယ်ကလေးမှ ကျန်မနေခဲ့စေရ - အာရှပစိဖိတ်ဒေသတွင်းက ပညာရေး အတားအဆီးများ

(၃) UNICEF (၂၀၁၄) ၏ ၂၀၁၄ခုနှစ်၌ ကမ္ဘာလုံးဆိုင်ရာကလေးသူငယ်များ၏အခြေအနေကို ကိန်းဂဏန်းများဖြင့် ဖော်ပြခြင်း - ကလေး ရေတွက်ခြင်း

## ဆက်လက်ဖတ်ရှုရန်

Movimiento Mundial por la Infancia de latinoamerica y el Caribe (2015)
ကျွန်ုပ်တို့ လိုချင်သော ကမ္ဘာ - စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်များဆိုင်ရာ လူငယ်လက်စွဲ
http://sustaindevelopment.un.org တွင် ရရှိနိုင်သည်။

UNICEF (n.d.)
ကလေးသူငယ်အခွင့်အရေးများနှင့် တာဝန်များ စာအုပ်ငယ်
http://www.unicef.org တွင် ရရှိနိုင်သည်။

UNICEF et al. (n.d.)
ကလေးများနားလည်လွယ်အောင် ရေးသားထားသော ကလေးသူငယ်အခွင့်အရေးကွန်ဗင်းရှင်း
http://www.unicef.org တွင် ရရှိနိုင်သည်။

UNICEF (n.d.)
ကလေးသူငယ်များနှင့် လူငယ်များအတွက် လိုက်လျောညီထွေပြုပြင်ထားသော ကလေးသူငယ်များအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏ လေ့လာမှုစာတမ်း
http://www.unicef.org တွင် ရရှိနိုင်သည်။




# အခုဆိုရင်

## ကလေးတို့

ဘေးအန္တရာယ်လျော့ချရေးနဲ့

ပတ်သက်တဲ့

အစွမ်းထက်တဲ့
ဗဟုသုတတွေကို
သူငယ်ချင်း၊ မိသားစုနဲ့
ရပ်ရွာကို
သင်ကြားပေးနိုင်ပါပြီ။



children in a changing climate

ChildFund Alliance

PLAN INTERNATIONAL

Save the Children

unicef

World Vision